
# ကလေးငယ်ဘဝ ကြားဝင်ကူညီပေး ခြင်း ပရိုဂရမ်မှ ကူးပြောင်းခြင်း



## သင့်ကလေးအတွက် နောက်ထပ် လုပ်ဆောင်ရန်အဆင့်များ။

NEW YORK STATE | Department of Health

## အကူးအပြောင်းဆိုသည်မှာ အဘယ်နည်း။

အကူးအပြောင်းဟူသည်မှာ ကလေးငယ်ဘဝ ကြားဝင်ကူညီပေးခြင်း ပရိုဂရမ် (Early Intervention Program) မှ သင့်ကလေး ထွက်ခွာသည့်အချိန်ကို ဆိုလိုခြင်း ဖြစ်ပါသည်။

## အကူးအပြောင်းစီစဉ်ခြင်းကို မည်သည့်အချိန်တွင် စတင်သင့်သနည်း။

ကလေးများသည် ကလေးငယ်ဘဝ ကြားဝင်ကူညီပေးခြင်း ပရိုဂရမ်တွင် အချိန်ခဏကြာအောင် (မွေးကင်းစမှ သုံးနှစ်အထိ) ရှိနေသောကြောင့် အကူးအပြောင်းစီစဉ်ခြင်းကို အမြန်ဆုံးစတင်ရန် အရေးကြီးပါသည်။ သင်၏ဝန်ဆောင်မှုညှိနှိုင်းရေးမှူးသည် သင့်ကလေး အသက်သုံးနှစ်မပြည့်မီ အကူးအပြောင်းစီစဉ်ခြင်းနှင့်ပတ်သက်၍ သင့်အား လမ်းညွှန်ပေးမည်ဖြစ်သည်။ ဤစီစဉ်ခြင်း၏ တစ်စိတ်တစ်ပိုင်းတွင် အကူးအပြောင်းအစီအစဉ်တစ်ရပ် ဖန်တီးရေးဆွဲခြင်း ပါဝင်ပါသည်။

## အကူးအပြောင်းအစီအစဉ်ဆိုသည်မှာ အဘယ်နည်း။

ကလေးငယ်ဘဝ ကြားဝင်ကူညီပေးခြင်း ပရိုဂရမ်မှ သင့်ကလေး မထွက်ခွာမီ အကူးအပြောင်းအစီအစဉ်တစ်ရပ်ကို သင်နှင့် သင်၏ တစ်ဦးချင်းသီးသန့်ဖြစ်သော မိသားစုဝန်ဆောင်မှုအစီအစဉ် (Individualized Family Service Plan) အဖွဲ့က ဖန်တီးရေးဆွဲရမည်ဖြစ်သည်။ အစီအစဉ်တွင် ပရိုဂရမ်မှ ထွက်သောအခါ သင့်ကလေး သို့မဟုတ် သင့်မိသားစု လိုအပ်နိုင်သော အကူအညီ၊ ပံ့ပိုးမှုနှင့် ဝန်ဆောင်မှုများ ပါဝင်မည်ဖြစ်သည်။ မိသားစုတစ်စုစီ၏ အကူးအပြောင်းအစီအစဉ်သည် ကလေးနှင့် မိသားစု၏ လိုအပ်ချက်များအလိုက် ကွဲပြားမည်ဖြစ်သည်။

ကလေးငယ်ဘဝ ကြားဝင်ကူညီပေးခြင်း ပရိုဂရမ်မှ ထွက်သောအခါတွင် ကလေးအချို့သည် ၎င်းတို့၏ဒေသဆိုင်ရာ ခရိုင်ကျောင်း စီမံခန့်ခွဲရေးဌာနမှတစ်ဆင့် မူကြို အထူးပညာရေးပရိုဂရမ် (Preschool Special Education Program) သို့ တက်ရောက်နိုင်ပါသည် သို့မဟုတ် ၎င်းတို့၏လူမှုအသိုင်းအဝိုင်းရှိ အခြားသော ကလေးငယ်ဘဝဆိုင်ရာ ဝန်ဆောင်မှုများနှင့် ပံ့ပိုးမှုများကို ဆက်လက်ရယူနိုင်ပါသည်။

## မူကြို အထူးပညာရေးပရိုဂရမ်ဆိုသည်မှာ အဘယ်နည်း။

မူကြို အထူးပညာရေးပရိုဂရမ်သည် အသက်သုံးနှစ်မှ ငါးနှစ်အတွင်း မသန်စွမ်းမှုခံစားနေရသော ကလေးများအတွက် ဖြစ်ပါသည်။ နယူးယောက်ပြည်နယ် ပညာရေးဌာန (New York State Education Department) သည် မူကြို အထူးပညာရေးပရိုဂရမ်များနှင့် ဝန်ဆောင်မှုများကို ကြီးကြပ်ကွပ်ကဲပါသည်။ အသက်သုံးနှစ်ပြည့်ပြီးသော ကလေးများနှင့် မူကြိုဝန်ဆောင်မှုများအတွက် သတ်မှတ်ချက်ပြည့်မီသော ကလေးများကို ၎င်းတို့၏ဒေသဆိုင်ရာ ခရိုင်ကျောင်း စီမံခန့်ခွဲရေးဌာနမှတစ်ဆင့် မူကြို အထူးပညာရေးကော်မတီ (Committee on Preschool Special Education, CPSE) သို့ လွှဲပြောင်းနိုင်ပါသည်။



# မူကြို အထူးပညာရေးပရိုဂရမ်များနှင့် ဝန်ဆောင်မှုများ အတွက် သတ်မှတ်ချက်ပြည့်မီရေး အဆင့်လေးဆင့်မှာ အဘယ်နည်း။

## အဆင့် 1။ အသိပေးအကြောင်းကြားခြင်း

သင့်ကလေးသည် မူကြို အထူးပညာရေးပရိုဂရမ်များနှင့် ဝန်ဆောင်မှုများအတွက် သတ်မှတ်ချက်နှင့်ပြည့်မီကြောင်း သင်၏ဝန်ဆောင်မှုညှိနှိုင်းရေးမှူးက သင်၏ခရိုင်ကျောင်း စီမံခန့်ခွဲရေးဌာနသို့ အသိပေးအကြောင်းကြားမည်ဖြစ်သည်။ သင်သည် စာဖြင့်ရေးသားပေးပို့သော ဤအသိပေးချက်ကို ကန့်ကွက်ပိုင်ခွင့် (မရယူပိုင်ခွင့်) ရှိပါသည်။

## အဆင့် 2။ အကူးအပြောင်းဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲ

သင်၏ဝန်ဆောင်မှုညှိနှိုင်းရေးမှူးသည် သင့်အား CPSE ၏ သဘာပတိနှင့် တွေ့ဆုံခွင့်ပြုရမည် ဖြစ်သည်။ ဤတွေ့ဆုံပွဲကို အကူးအပြောင်းဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲ (transition conference) ဟု ခေါ်ပါသည်။

### အကူးအပြောင်းဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲ၏ အဓိကရည်မှန်းချက်များမှာ-

- ကလေးငယ်ဘဝ ကြားဝင်ကူညီပေးခြင်း ပရိုဂရမ်နှင့် CPSE ကြားရှိ ခြားနားချက်များကို ပြန်လည်သုံးသပ်ရန်၊
- သင့်ကလေးအား CPSE သို့ လွှဲပြောင်းမည့်နည်းလမ်းနှင့် လွှဲပြောင်းမည့်အချိန်ကို အသိပေးရန်၊
- CPSE အကဲဖြတ်ခြင်းနှင့် သတ်မှတ်ချက်ပြည့်မီခြင်း လုပ်ငန်းစဉ်အကြောင်း အသိပေးရန်၊
- သင့်ကလေးအတွက် CPSE မှတစ်ဆင့် ဝန်ဆောင်မှုရယူနိုင်မည့် နည်းလမ်းများကို ပြန်လည်သုံးသပ်ရန်၊
- သင်မေးမြန်းလိုသည်များကို ဖြေကြားရန်၊ နှင့်
- သင်၏အကူးအပြောင်းအစီအစဉ်ကို ဖန်တီးရေးဆွဲရန် သို့မဟုတ် ပြင်ဆင်မွမ်းမံရန်။

## အဆင့် 3။ လွှဲပြောင်းခြင်း

အသက်သုံးနှစ်ပြည့်ပြီးသော ကလေးများနှင့် မူကြို အထူးပညာရေးပရိုဂရမ်များနှင့် ဝန်ဆောင်မှုများအတွက် သတ်မှတ်ချက်ပြည့်မီသော ကလေးများကို CPSE သို့ လွှဲပြောင်းနိုင်ပါသည်။ လွှဲပြောင်းစာဟူသည်မှာ အထူးပညာရေးဝန်ဆောင်မှုများကို သင့်ကလေး လိုအပ်ခြင်း ရှိ၊ မရှိ ဆုံးဖြတ်ရန် သင်၏ခရိုင်ကျောင်း စီမံခန့်ခွဲရေးဌာနထံ စာဖြင့်ရေးသား၊ မေးမြန်းသော ထုတ်ပြန်ချက် ဖြစ်ပါသည်။ သင်၏ဝန်ဆောင်မှုညှိနှိုင်းရေးမှူးသည် ဤလွှဲပြောင်းမှုကို ပြုလုပ်ရာတွင် သင့်အား ကူညီဆောင်ရွက်ပေးနိုင်ပါသည်။

## အဆင့် 4။ အကဲဖြတ်ခြင်း

သင့်ကလေးသည် မူကြို အထူးပညာရေးပရိုဂရမ်များနှင့် ဝန်ဆောင်မှုများအတွက် သတ်မှတ်ချက်နှင့်ပြည့်မီခြင်း ရှိ၊ မရှိ CPSE က ဆုံးဖြတ်မည်ဖြစ်သည်။ CPSE သည် သင့်ကလေး၏ ကလေးငယ်ဘဝ ကြားဝင်ကူညီပေးခြင်း ပရိုဂရမ် အကဲဖြတ်မှုများကို အသုံးပြုမည်ဖြစ်သည် သို့မဟုတ် လုပ်ဆောင်ရမည့် အကဲဖြတ်မှုအသစ်များကို ပြုလုပ်ရန် တောင်းဆိုမည်ဖြစ်သည်။ အကဲဖြတ်မှုအသစ်များကို လိုအပ်ပါက CPSE သည် သင်၏စာဖြင့်ရေးသားထားသော ခွင့်ပြုချက်ကို တောင်းခံမည်ဖြစ်သည်။



## သင့်ကလေးသည် မူကြို အထူးပညာရေးအတွက် အရည်အချင်းပြည့်မီပါက မည်သည့်အချိန်တွင် ကလေးငယ်ဘဝ ကြားဝင်ကူညီပေးခြင်း ပရိုဂရမ် ပြီးဆုံး၍ မူကြိုကျောင်းဝန်ဆောင်မှုများ စတင်မည်နည်း။

- သင့်ကလေး၏ သုံးနှစ်ပြည့်မွေးနေ့သည် ကလေးငယ်ဘဝ ကြားဝင်ကူညီပေးခြင်း ဝန်ဆောင်မှုများ ပြီးဆုံးကာ မူကြိုဝန်ဆောင်မှုများ စတင်နိုင်သည့်အချိန်ကို ဆုံးဖြတ်ပေးမည်ဖြစ်သည်။
- ကလေးများသည် ကလေးငယ်ဘဝ ကြားဝင်ကူညီပေးခြင်း ပရိုဂရမ်နှင့် မူကြို အထူးပညာရေးပရိုဂရမ်တွင် တပြိုင်နက် ပါဝင်၍မရပါ။ သင်၏ကလေးငယ်ဘဝ ကြားဝင်ကူညီပေးခြင်း အဖွဲ့နှင့် CPSE သဘာပတိတို့သည် ပရိုဂရမ်ကူးပြောင်းရေး လိုအပ်ချက်များပေါ် မူတည်၍ သင့်ကလေးအတွက် အသင့်လျော်ဆုံး အကူးအပြောင်းရက်စွဲကို သင့်အား လမ်းညွှန်ပေးနိုင်ပါသည်။
- CPSE ဆွေးနွေးပွဲတွင် သင့်ကလေး၏ အကူးအပြောင်းရက်စွဲများကို သင်၏ခရိုင်ကျောင်း စီမံခန့်ခွဲရေးဌာနနှင့် သေချာပေါက်ဆွေးနွေးပါ။

## သင့်ကလေးသည် မူကြို အထူးပညာရေးပရိုဂရမ်များနှင့် ဝန်ဆောင်မှုများအတွက် သတ်မှတ်ချက်နှင့်ပြည့်မီခြင်း ရှိ၊ မရှိ CPSE က ဆုံးဖြတ်မည်ဖြစ်သည်။

သင့်ကလေး၏ ကလေးငယ်ဘဝ ကြားဝင်ကူညီပေးခြင်း ဝန်ဆောင်မှုများ၏ နောက်ဆုံးနေ့သည် ၎င်းတို့၏ အသက်သုံးနှစ်ပြည့်မွေးနေ့မတိုင်မီ ဖြစ်မည်ဖြစ်သည်။

**ထည့်သွင်းစဉ်းစားရမည့်အချက်များ-**

- သင်၏ဝန်ဆောင်မှုညှိနှိုင်းရေးမှူးသည် သင်၏အကူးအပြောင်းအစီအစဉ်ကို ကူညီမွမ်းမံပေးနိုင်ပါသည်။
- ဝန်ဆောင်မှုများကို ရယူရန် နည်းလမ်းအများအပြား ရှိပါသည်။ ခရိုင်ကျောင်းစီမံခန့်ခွဲရေးဌာနမှတစ်ဆင့် ဝန်ဆောင်မှုများ ရယူမည့်အစား ဝန်ဆောင်မှုရယူရန်အတွက် သင်၏ကိုယ်ပိုင်အာမခံကို အသုံးပြုရန် ဆုံးဖြတ်နိုင်သကဲ့သို့ မိမိဘာသာ ငွေပေးချေရန်လည်း ဆုံးဖြတ်နိုင်ပါသည်၊ သို့မဟုတ် သင့်လူမှုအသိုင်းအဝိုင်းအတွင်းရှိ မူကြိုကျောင်း သို့မဟုတ် နေ့ကလေးထိန်းကဲ့သို့သော လူမှုအသိုင်းအဝိုင်းအတွင်းရှိ ဝန်ဆောင်မှုများကို အသုံးပြုရန်လည်း ရွေးချယ်နိုင်ပါသည်။

## သတိပြုရန် အရေးကြီးသောအချက်များ-

- ကလေးငယ်ဘဝ ကြားဝင်ကူညီပေးခြင်း ပရိုဂရမ် အတွက် သတ်မှတ်ချက်နှင့်ပြည့်မီခြင်းသည် သင့်ကလေး မူကြို အထူးပညာရေးပရိုဂရမ်အတွက် သတ်မှတ်ချက်နှင့်ပြည့်မီရန် အာမခံချက်မဟုတ်ပါ။

- အကူးအပြောင်းနှင့်စပ်လျဉ်း၍ သင့်ကလေး၏ ကလေးငယ်ဘဝ ကြားဝင်ကူညီပေးခြင်း ပရိုဂရမ်တွင် စတင်ပါဝင်ချိန်မှစ၍ ဆွေးနွေးသင့်ပြီး သင့်ကလေး အသက်သုံးနှစ်ပြည့်ခါနီးအချိန်တွင် ပြန်လည်သုံးသပ် သင့်ပါသည်။

- အသက်သုံးနှစ်မပြည့်မီ သင့်ကလေးကို CPSE ထံ လွှဲပြောင်းပြီး CPSE တွေ့ဆုံဆွေးနွေးပွဲ ပြုလုပ်ရန် အတွက် အချိန်လုံလောက်စေရန် အကဲဖြတ်ခြင်း ဆိုင်ရာ သဘောတူခွင့်ပြုချက်တွင် လက်မှတ်ထိုးပါ။

- အကယ်၍ သင့်ကလေးသည် မူကြို အထူးပညာရေး အတွက် သတ်မှတ်ချက်နှင့်ပြည့်မီသော်လည်း CPSE တွေ့ဆုံဆွေးနွေးပွဲကို ၎င်းတို့ အသက်သုံးနှစ်ပြည့်ချိန် သို့မဟုတ် အသက်သုံးနှစ်ပြည့်ပြီးနောက်တွင် ကျင်းပ ပြုလုပ်ပါက ကလေးငယ်ဘဝ ကြားဝင်ကူညီပေးခြင်း ဝန်ဆောင်မှုများ၏ နောက်ဆုံးနေ့သည် ၎င်းတို့၏ အသက်သုံးနှစ်ပြည့်မွေးနေ့မတိုင်မီ ဖြစ်မည်ဖြစ်သည်။

**ကလေးငယ်ဘဝ ကြားဝင်ကူညီပေးခြင်း ပရိုဂရမ်ပြင်ပမှ ကူးပြောင်းခြင်းသည် သင့်ကလေးနှင့် မိသားစုအတွက် ကြီးမားသောအဆင့်တစ်ခု ဖြစ်ပါသည်။ သင်၏ဝန်ဆောင်မှုညှိနှိုင်းရေးမှူးသည် သင်ပရိုဂရမ်မှ ထွက်ခွာသည်နှင့် သင်၏အကူးအပြောင်း ချောမွေ့စေရန် သင့်အား ကူညီပေးနိုင်ပါသည်။**

## ထပ်လောင်းအချက်အလက်များအတွက်-

### နယူးယောက်ပြည်နယ် ကျန်းမာရေးဌာန ကလေးငယ်ဘဝ ကြားဝင်ကူညီပေးခြင်း ပရိုဂရမ် (New York State Department of Health Early Intervention Program)

ဖုန်း- (518) 473-7016

အီးမေးလ်- beipub@health.ny.gov

ဝက်ဘ်- health.ny.gov/EIFamilies

### နယူးယောက်ပြည်နယ် ပညာရေးဌာန (New York State Education Department)

ဖုန်း- (518) 474-3852

ဝက်ဘ်- nysed.gov

NEW YORK STATE | Department of Health